THE WORLD BANK
Working for a World Free of Poverty



# မစ္စတာ ကန်သန်ရှန်ကာ

**နိုင်ငံဆိုင်ရာ မန်နေဂျာ**
**အရှေ့အာရှနှင့် ပစိဖိတ်ဒေသ**

အိန္ဒိယနိုင်ငံသားတစ်ဦးဖြစ်သူ မစ္စတာ ကန်သန်ရှန်ကာ သည် မြန်မာနိုင်ငံတွင် ပထမဦးဆုံး ပြန်လည် ဖွင့်လှစ်သည့် ကမ္ဘာ့ဘဏ် အုပ်စု၏ ရုံးတွင် နိုင်ငံဆိုင်ရာ မန်နေဂျာ (Country Manager) အဖြစ် ၂၀၁၂ ခုနှစ် စက်တင်ဘာလ (၁၇) ရက်နေ့မှ စတင်ကာ တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အစိုးရက ဆောင်ရွက်လျက်ရှိသည့် စီးပွားရေး ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို ပံ့ပိုးကူညီရန်၊ ခိုင်မာအားကောင်းသည့် အဖွဲ့အစည်းများ ပေါ်ပေါက်လာရန်နှင့် အလုံးစုံပါဝင်သော ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်နေသည့် အစိုးရ၏ ကြိုးပမ်းမှုများကို ကူညီသွားရန် ရည်ရွယ်သည့် ကမ္ဘာ့ဘဏ်၏ လုပ်ငန်း အစီအစဉ်များကို အကောင်အထည်ဖော်ရာတွင် မစ္စတာ ကန်သန်ရှန်ကာအနေနှင့် ဦးဆောင်မှု ပေးသွားမည်ဖြစ်ပါသည်။

မစ္စတာ ကန်သန်ရှန်ကာသည် ပဋိပက္ခလွန် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် အတွေ့အကြုံများစွာ ရှိထားသူ တစ်ဦးဖြစ်ပါသည်။ ၎င်းသည် ကမ္ဘာ့ဘဏ် အဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့သည်မှာ နှစ်ပေါင်း နှစ်ဆယ်ကျော် ရှိခဲ့ပြီဖြစ်သည့်အပြင် ထိုအနက် ၁၅ နှစ်ခန့်သည် အခြေအနေ မတည်ငြိမ်သည့် နိုင်ငံများတွင် အခြေစိုက်ကာ တာဝန်ထမ်းဆောင်ခဲ့ခြင်းဖြစ်ပါသည်။

မစ္စတာ ကန်သန်ရှန်ကာသည် ၁၉၉၁ ခုနှစ်မှစတင်ကာ ကမ္ဘာ့ဘဏ်၏ ကမ္ဘာလုံးဆိုင်ရာ ရေနှင့် သန့်ရှင်းရေး လုပ်ငန်းဌာနတွင် အတိုင်ပင်ခံ ပညာရှင်တစ်ဦးအနေဖြင့် ဝင်ရောက် လုပ်ကိုင်ခဲ့ပါသည်။ ထို့နောက် အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိက ဒေသအတွင်းရှိ အနောက်ဘက် ကမ်းခြေ နှင့် ဂါဇာ၊ အီရန်၊ လက်ဘနွန်၊ ဂျော်ဒန်နှင့် ဆီးရီးယား နိုင်ငံများရှိ လုပ်ငန်းစီမံကိန်းများစွာကို ဦးဆောင်လုပ်ကိုင်ခဲ့ပါသည်။ ၂၀၀၄ ခုနှစ် ဖွန်လတွင် ကိုဆိုဗို နိုင်ငံရှိ ကမ္ဘာ့ဘဏ်ရုံး၏ ကိုယ်စားလှယ် တစ်ဦး အဖြစ် စတင် တာဝန်ထမ်းဆောင်ခဲ့ပြီး ကမ္ဘာ့ဘဏ်၏ ၂၀၀၅ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွက် နည်းဗျူဟာကို ဦးဆောင် ရေးဆွဲခဲ့ပါသည်။ ကိုဆိုဗိုနိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၎င်းသည် ရုရှား၊ အဇာဘိုင်ဂျန်နှင့် ဘဲလားရပ်စ နိုင်ငံများရှိ အခြေခံ အဆောက်အဦး ဆောက်လုပ်ရေး လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၀၉ ခုနှစ်တွင် ပစိဖိတ်ဒေသ ဌာနတွင် လုပ်ငန်းဆောင်ရွက်ရေး မန်နေဂျာအဖြစ် ပစိဖိတ်ကျွန်း နိုင်ငံများ၊ တီးမော်လက်စ်နှင့် ပါပူအာ နယူးဂီနီ နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၁၂ နိုင်ငံကို တာဝန်ယူ ခဲ့ပါသည်။

မစ္စတာ ကန်သန်ရှန်ကာသည် အိန္ဒိယနှင့် အမေရိကန် နိုင်ငံများမှ ပေးအပ်သည့် အင်ဂျင်နီယာ ဘာသာရပ်ဆိုင်ရာ ဘွဲ့များကို ရရှိထားပါသည်။ ကမ္ဘာ့ဘဏ်တွင် တာဝန်များ မထမ်းဆောင်မီက ထိုနိုင်ငံများတွင် အတိုင်ပင်ခံ အင်ဂျင်နီယာ တစ်ဦးအဖြစ် တာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။